# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် တူရကီ သမ္မတနိုင်ငံ သမ္မတ မစ္စတာတေယစ်ပ်အာဒိုဂန် တို့၏ ရခိုင်ပြည်နယ်အရေး အပြန်အလှန် ဆွေးနွေးချက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ၂၀၁၇ ခု နှစ် စက်တင် ဘာလ ၅ ရက် မွန်းလွဲ ၂ နာရီ တွင် တူရကီ သမ္မတတေယစ် အာဒိုဂန်၏ တယ်လီဖုန်း ခေါ်ဆိုမှုအား လက်ခံပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြပါသည်။ အဆိုပါ ဆွေးနွေး မှု သတင်းထုတ်ပြန် မှု ကို ဖော်ပြအပ်ပါသည်။

INFORMATION COMMITTEI

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တူရကီ သမ္မတနိုင်ငံသမ္မတ မစ္စတာတေယစ်ပ်အာဒိုဂန် နှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပြန်အလှန် ဆွေးနွေး

နေပြည်တော်၊ စက်တင်ဘာလ ၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ၂၀၁၇ ခု နှစ် စက်တင်ဘာလ ၅ ရက် မွန်းလွဲ ၂ နာရီက တူရကီ သမ္မတတေယစ် အာဒိုဂန်၏ တယ်လီဖုန်းခေါ်ဆိုမှုအား လက်ခံပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် တူရကီသမ္မတမစ္စတာအာဒိုဂန်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ တယ်လီဖုန်းခေါ်ဆိုရခြင်း ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ စိန်ခေါ်မှုအများအပြားကို ကျော်ဖြတ်ပြီး လူ့အခွင့်အရေး အပြောင်းအလဲများ ဆောင်ရွက်ခဲ့သော ခေါင်းဆောင်တစ်ဦးအနေဖြင့် ရခိုင်အရေးကိစ္စကိုအမြော်အမြင်ဖြင့် ချဉ်းကပ် ဆောင်ရွက်မည် ဟုယုံကြည်ကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင် လူသားချင်းစာနာထောက်ထားရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မကြာသေးခင်က ဖြစ်ရပ်များနှင့်ပတ်သက်၍ စဉ်းစားသုံးသပ် ဆောင်ရွက်မည်ကို သံသယမရှိပါကြောင်း၊ မကြာသေးခင်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်များ၊ လူအများ ဖြန့်ဝေနေသောရုပ်ပုံများကြောင့် ကမ္ဘာတစ်ဝှမ်းမှစိုးရိမ်ပူပန်မှု ကြီးစွာဖြစ်လာခဲ့ကြောင်း စသည်ဖြင့် ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့အနေဖြင့် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ အကာအကွယ်များပိတ်ပင်ခံရခြင်း၏ဆိုလိုရင်းသဘောကိုကောင်းစွာသိရှိနားလည်ပြီးအစဉ်အမြဲအလေးထားပါကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံရေးဆိုင်ရာအခွင့်အရေးသာမကလူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးများကိုလည်း မြှင့်တင်လျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် ကာကွယ်မှုပေးနိုင်ရန် စတင်ဆောင်ရွက်ထားပြီး

ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီသာမက ငြိမ်းချမ်းတည်ငြိမ်ရေးအတွက်ရေရှည်မျှော်မှန်းကာဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သတင်းအချက်အလက်အမှားများ ဖန်တီးခြင်းကြောင့်မိမိတို့နှစ်နိုင်ငံအကြားကာလရှည်ကြာရင်းနှီးချစ်ကြည်သောမိတ်ဆွေကောင်းဆက်ဆံရေးထိခိုက်လာမည်ကိုစိုးရိမ်ကြောင်း၊ နှစ်နိုင်ငံအကြားဆက်ဆံရေး ကောင်းကိုအမြဲထိန်းသိမ်းထားလိုသောမြန်မာနိုင်ငံ၏ သဘောထားကို မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးကတင်ပြပြီး ဖြစ်မည် ဟုယူဆပါကြောင်း၊ တူရကီဒုတိယဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲအခြားနိုင်ငံများမှ သတင်းဓါတ်ပုံအမှားများကိုဖြန့်ဝေခဲ့သည်ကိုသိရှိပြီး ဖြစ်မည်ဟုယူဆပါကြောင်း၊ တူရကီဒုတိယဝန်ကြီးချုပ်ကြုံတွေ့ခဲ့ရသည့် အဖြစ်သည် သတင်းအမှားများထုနှင့်ထည်နှင့် ပြန့်နှံ့နေခြင်းအတွက်ကြီးမားသောပြဿနာ၏မြင်သာသော (The Tip of a huge Iceberg of Misinformation) အစိတ်အပိုင်းတစ်ခုသာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ သတင်း ဓါတ်ပုံအမှားများကို မတူညီသောအသိုင်းအဝိုင်းများအကြား ပြဿနာအများအပြား ဖြစ်ပွားစေရန်နှင့် အကြမ်းဖက်သမားများအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ဖန်တီးနေကြသည်ကိုမှန်းဆကြည့်နိုင်ကြောင်း၊ တူရကီနိုင်ငံအနေဖြင့် ပီကေကေ (the Kurdistan Workers' Partyor PKK -Kurdish: PartiyaKarkerên Kurdistan) ကို နှိမ်နင်းခဲ့ရခြင်းကြောင့် အကြမ်းဖက်ဝါဒ၏ စိန်ခေါ်မှုများကိုကောင်းစွာနားလည်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်သမားများကိုရင်ဆိုင်ရသည်မှာ အတွေ့အကြုံအသစ် ဖြစ်သော်လည်း ယင်းအကြမ်းဖက်ဝါဒပိုမိုကျယ်ပြန့်မလာစေရန်နှင့် ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးသို့ ပြန့်နှံ့မသွားနိုင်စေရန် အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊အကြမ်းဖက်ဝါဒ မြန်မာနိုင်ငံ၌ အမြစ်မတွယ်စေရေးအတွက် ကမ္ဘာတစ်ဝှမ်းမှ မိတ်ဆွေများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်းနေထိုင်သူအားလုံးဘေးကင်းလုံခြုံစိတ်အေးချမ်းသာစေရန် လိုအပ်သည့် ကာကွယ်မှုအားလုံးခံစားပိုင်ခွင့် ရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရခိုင် ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အကောင်အထည်ဖော်ရေး ကော်မတီကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် တူရကီသမ္မတမစ္စတာအာဒိုဂန်က မြန်မာအစိုးရတွေ့ကြုံရင်ဆိုင်နေရသည့် အခက် အခဲများနှင့် စိန်ခေါ်မှုများကိုသိရှိပါကြောင်း၊ ပြဿနာဖြေရှင်းနိုင်ရေးအတွက် ကူညီပံ့ပိုးရန် တူရကီနိုင်ငံအနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကောင်းကိုဆက်လက်ထိန်းသိမ်းထားမည် ဖြစ်ကြောင်းပြောကြားခဲ့ကြောင်းသိရှိရသည်။

INFORMATION COMMITTEE

# State Counsellor discusses issue of Rakhine State with President Tayyip Erdogan of Turkey

The State Counsellor Daw Aung San Suu Kyi received a telephone call from President Erdogan on 5th September 2017 and discussed the issue of Rakhine. President Erdogan said that he is confident that Daw Aung San Suu Kyi as a leader who has faced and overcome challenges and advocate of human rights will approach the situation with vision of a long term solution to the issue of Rakhine. He mentioned that there are concerns worldwide regarding the situation because of the news and photos that have been widely published.

The State Counsellor said that " We know very well, more than most, what it means to be deprived of human rights and democratic protection. So we make sure that all the people in our country are entitled to protection of their rights as well as, the right to, and not just political but social and humanitarian defence." The State Counsellor also said that the Government has already started defending all the people in Rakhine in the best way possible and expressed that there should be no misinformation to create trouble between the two countries which have good friendly relations for a long time.

She also intimated to President Erdogan that his Deputy Prime Minister was subjected to a lot of fake news photographs taken elsewhere in the world and not in Burma. She said, that kind of fake information which was inflicted on the Deputy Prime Minister was simply the tip of a huge iceberg of misinformation calculated to create a lot of problems between different communities and with the aim of promoting the interest of the terrorists.

She also expressed that Turkey which has faced the challenges of terrorism and has to cope with the PKK will understand the challenge that Myanmar has to face. She also said that for the country, terrorism is new but the Government will do its best to make sure that this does not expand and spread all over Rakhine. She expressed her intention to cooperate with friends from all over the world to

make sure that terrorism does not take root on Myanmar soil and said that everybody in the country is entitled to and get all the security that they need.

She also informed President Erdogan that the Government is in the process of setting up an implementation committee to carrying out the recommendations of Dr. Kofi Annan's Commission as soon as possible in line with the reality on the ground. The President of Turkey expresses understanding of the challenges faced by Myanmar and the willingness to maintain the good relations with Myanmar.